ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁ ) ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း | ၂-၄ |
| ၂။ | "ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာဥပဒေ"ကို ချိုးဖောက်ခဲ့၍ ဒဏ်ကြေးငွေပေးဆောင်ရန် သဘောတူခဲ့ရသည့် Disney ကုမ္ပဏီ | ၅-၆ |
| ၃။ | လူမှုမီဒီယာပလက်ဖောင်းများ၌သတိပေးအညွှန်းတပ်ရန်လိုအပ်သော ဥပဒေကို နယူးယောက်ပြည်နယ်တွင်လက်မှတ်ရေးထိုးအတည်ပြုခြင်း | ၇-၈ |
| ၄။ | ကိတ္တိမ မွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေအရ မွေးစားခြင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ မွေးစားခြင်းတို့ ကွာခြားချက်အား နှိုင်းယှဉ်လေ့လာခြင်း | ၉-၁၀ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁ )    ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ၂၇-၁-၁၉၉၃ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁/၉၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေကို ၁၄-၂-၂၀၁ ၈ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ၃၁-၁၂-၂၀၂၅ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၇/၂၀၂၅)ဖြင့် ဒုတိယအကြိမ်ပြင်ဆင်ခဲ့ပါသည်။

ဥပဒေပြင်ဆင်ပြဋ္ဌာန်းရခြင်းမှာ လက်ရှိနိုင်ငံတော်အစိုးရဖွဲ့စည်းပုံအရ ဥပဒေစီမံခန့်ခွဲသည့် ဝန်ကြီးဌာနအမည်မှန်ကန်စေရန်၊ ပြစ်ဒဏ်ချမှတ်ရာတွင် ကြီးလေးသောပြစ်ဒဏ်အတွက် ဥပဒေ၏ ရည်ရွယ်ချက်နှင့်ကိုက်ညီစေရန်၊ ဆေးဝါးသုံးစွဲသူအား လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်ကာလနှင့်ကိုက်ညီပြီး လူ့အခွင့်အရေးချိုးဖောက်မှု မဖြစ်စေရန်၊ ဆေးဝါးသုံးစွဲသူအား သတ်မှတ်ထားသည့် ခံဝန်ချုပ်ဖောက်ဖျက်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ပို့အပ်၍ ပြန်လည်ထူထောင်မှုပြုနိုင်စေရန်၊ မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟု သတ်မှတ်သည့် အလေးချိန်ကို အများပြည်သူအလွယ်တကူ သိရှိစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြင်ဆင်သည့်ဥပဒေတွင် "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန"ကို "ကျန်းမာရေးဝန်ကြီးဌာန"၊ "ကိုကားပင်"ကို "ကိုကပင်(Coca)"ဟုပြင်ဆင်ပြီး "ထောင်ဒဏ်တစ်သက်"ဆိုသည့်ပြစ်ဒဏ်ဖြည့်စွက်၍ "နှစ်အကန့်အသတ်မရှိထောင်ဒဏ်"ဆိုသည့်ပြစ်ဒဏ်နေရာတွင် အစားထိုးခြင်း၊ ဆေးဝါးသုံးစွဲသူကို ပြန်လည်ထူထောင်ပေးရေးတွင် "ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်၍ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးခြင်း"ဆိုသည့်အချက်အား ဖြည့်စွက်ခြင်း၊ဆေးဝါးသုံးစွဲသူအား ဆေးကုသပြီးနောက် ပြန်လည်ထူထောင်ရေးစခန်းသို့ပေးပို့ခြင်း၊ ဆေးဝါးကုသမှုတွင်ခံဝန်ဖောက်ဖျက်ပါက ထူထောင်ရေးစခန်းသို့ ပေးပို့ခြင်းစသည့်အချက်များ ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင်“ဆေးဝါးသုံးစွဲသူများ”ဆိုသည့်စကားရပ်ကို “မူးယစ်ဆေးဖြတ်ပြီးပြန်လည်ထူထောင်မှုခံယူရမည့်သူများ”ဟုပြင်ဆင်ပြီး ထူးခြားမှုအနေဖြင့် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုများဖြစ်ပါက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ခွင့်ပြုချက်ပါရှိလျှင် သတင်းအချက်အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပြဋ္ဌာန်းချက်ပါရှိစေကာမူ အစိုးရအဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်စေ မှတ်တမ်းကြည့်ရှုစစ်ဆေး မိတ္တူကူးယူခွင့်ပြုရမည်ဖြစ်ကြောင်း၊ ဆေးဝါးသုံးစွဲသူသည် ထူထောင်ရေးစခန်းတွင် စည်းကမ်းဖောက်ဖျက်ပါက တစ်ရက်လျှင် တစ်နာရီဖြင့် အနည်းဆုံး ၄၅ နာရီမှ အများဆုံးနာရီ ၉၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၂၆ အား ပြင်ဆင်ရာတွင် ရောင်းချရန်အလို့ငှာလက်ဝယ်ထားသည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးပမာဏများမှာ

(က)　ဘိန်းဖြူ (ဟယ်ရိုးအင်း) ဖြစ်ပါက သုံးဂရမ်၊

( ခ )　မော်ဖင်းဖြစ်ပါက သုံးဂရမ်၊

( ဂ )　မက်အင်မ်ဖီတမင်း ( METAMFETAMINE) ဖြစ်ပါက သုံးဂရမ်၊

(ဃ)　ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးနှစ်မျိုး သို့မဟုတ် သုံးမျိုးပေါင်း သုံးဂရမ်၊

( င )　ဘိန်းမဲ သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊

( စ )　ဘိန်းစာရွက်အခြောက် သို့မဟုတ် ဘိန်းစာမှုန့်ဖြစ်ပါက ၁ ဒသမ ၅ ကီလိုဂရမ်၊ ဘိန်းစာရွက်အစိုဖြစ်ပါက ၆ ကီလိုဂရမ်၊

(ဆ)　ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊

( ဇ )　ကိုက (Coca) ရွက်ဖြစ်ပါက တစ်ရာဂရမ်၊

(ဈ)　ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(ည) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ဈ)တို့တွင် ပါရှိသော ဆေးဝါးများနှင့် ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာ မှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်ထားသော မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ မှတစ်ပါး ကျန်မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖြစ်ပါက သုံးဂရမ်၊

( ဋ ) ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာ မှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်ထားသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ အရည်များမှတစ်ပါး ကျန်မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးပါအရည်များ ဖြစ်ပါက တစ်ရာမီလီလီတာ”ဟု ဖော်ပြထားသည်ကို တွေ့ရှိရပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအား ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည့်ပမာဏကို ခေတ်နှင့်လျော်ညီစွာပြောင်းလဲသတ်မှတ်ပြီး ပိုမိုထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရေးဆောင်ရွက်ရန် ဥပဒေပြင်ဆင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ကိတ္တိမ မွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေအရ မွေးစားခြင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ မွေးစားခြင်းတို့ ကွာခြားချက်အား နှိုင်းယှဉ်လေ့လာခြင်း

မွေးစားသည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေတို့ကို ပြဌာန်းထားပါသည်။ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေအရ မွေးစားခြင်းနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ မွေးစားခြင်းတို့၏ ကွာခြားချက်အား နှိုင်းယှဉ်လေ့လာရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

| စဉ် | ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေအရ မွေးစားခြင်း | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မွေးစားခြင်း |
|---|---|---|
| ၁။ | မွေးစားမိဘသည် ဗုဒ္ဓဘာသာဝင်များသာဖြစ်ရမည်။ | ဘာသာကိုးကွယ်မှုနှင့် သက်ဆိုင်ခြင်း မရှိ၊ မြန်မာနိုင်ငံသားဖြစ်ရုံမျှဖြင့်မွေးစားခွင့်ရှိသည်။ |
| ၂။ | အသက် ၁၈နှစ် မပြည့်သေးသူ၊ပြည့်ပြီးသူတို့ကို မွေးစားခွင့်ရှိသည်။ | အသက် ၁၈ မပြည့်သေးသူကိုသာ မွေးစားခွင့်ရှိသည်။ |
| ၃။ | မွေးစားစာချုပ်တွင် သက်သေနှစ်ဦးလက်မှတ်ရေးထိုးပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်မှသာတရားဝင်ပါသည်။မွေးစားခြင်းခံရသူသည် ကလေးသူငယ်ဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ယင်းစာချုပ်မိတ္တူကို မှတ်ပုံတင်သည့်နေ့မှ ၃၀ ရက်အတွင်း သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိသို့ ပေးပို့ရပါမည်။ | သက်ဆိုင်ရာမွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် မှတ်ပုံတင်ရမည်။ |

| စဉ် | ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေအရ မွေးစားခြင်း | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မွေးစားခြင်း |
|---|---|---|
| ၄။ | မွေးစားစာချုပ်ကို ပယ်ဖျက်ခြင်း မပြုသ၍ အတည်ဖြစ်သည်။ | မွေးစားမိဘက မွေးစားခြင်းဆိုင်ရာတာဝန်နှင့် စည်းကမ်းသို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လူမှုဝန်ထမ်းဦးစီးဌာနသည် စိစစ်ပြီး မွေးစားခြင်းကို ပယ်ဖျက်သည့် အမိန့် သို့မဟုတ် အခြားသင့်လျော်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ပါမည်။ |
| ၅။ | သက်ဆိုင်ရာမြို့နယ်ရှိစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ရမည်။ | သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသလူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ခရိုင်လူမှုဝန်ထမ်း ဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိထံ မှတ်ပုံတင်ရမည်။ |

တရားမဆိုင်ရာ အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁ )          ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်

## လူမှုမီဒီယာပလက်ဖောင်းများ၌ သတိပေးအညွှန်းတပ်ရန်လိုအပ်သော ဥပဒေကို နယူးယောက်ပြည်နယ်တွင် လက်မှတ်ရေးထိုးအတည်ပြုခြင်း

နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးသည် လူမှုမီဒီယာပလက်ဖောင်းများအနေဖြင့် အသုံးပြုသူလူငယ်များ၏စိတ်ကျန်းမာရေးကိုထိခိုက်စေနိုင်သော စွဲလမ်းစေသည့်လုပ်ဆောင်ချက်များရှိကြောင်းကို သတိပေးရမည်ဟုသတ်မှတ်ထားသည့် ဥပဒေကြမ်းတစ်ရပ်အား ၂၆-၁၂-၂၀၂၅ ရက်နေ့တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

ဥပဒေ၏အမည်မှာ The Stop Addictive Feeds Exploitation (SAFE)For Kids Act ဖြစ်ပြီး လူမှုမီဒီယာအသုံးပြုသူများ၏စိတ်ဝင်စားမှုအပေါ်အခြေပြုသည့် အကြောင်းအရာများ၊ စဉ်ဆက်မပြတ်ပေးပို့သည့် အသိပေးချက်များ၊ အလိုအလျောက်ဖွင့်ခြင်း (autoplay)၊အဆုံးမရှိ ဆွဲချကြည့်နိုင်သောစနစ်(infinite scroll)နှင့် Like အရေအတွက်ပြသခြင်းစသည့် အတင်းအကြပ်ပြုလုပ်သည့် လုပ်ဆောင်ချက်များကို အဓိကတားမြစ်ထားပါသည်။

နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက လူမှုမီဒီယာ၏အလွန်အကျွံအသုံးပြုမှုကို အားပေးသောလုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှ ကလေးသူငယ်များကို ကာကွယ်ပေးရန်လိုအပ်ကြောင်း၊အွန်လိုင်းပေါ်တွင် မျှဝေနိုင်သောသတင်းအချက်အလက်များ များပြားလာသည်နှင့်အမျှ ယနေ့ခေတ်တွင် စိတ်ကျန်းမာရေးကိုဦးစားပေးထားရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့ပြီး လူမှုမီဒီယာပလက်ဖောင်းများအတွက် သတိပေးအညွှန်းများကို ဆေးလိပ်နှင့်အရက်အတွက် လိုအပ်သည့်သတိပေးစာများနှင့် နှိုင်းယှဉ်ပြောကြားခဲ့ပါသည်။

(SAFE)for Kids Actတွင် စွဲလမ်းစေသောလူမှုမီဒီယာများသည် စတင်အသုံးပြုသည့် အချိန်မှစ၍ ကလေးများနှင့် ဆယ်ကျော်သက်အရွယ်လူငယ်များအပေါ် ပြင်းထန်စွာထိခိုက်မှုများရှိပြီး လူမှုမီဒီယာပေါ်တွင် အချိန်ကုန်မှုများကြောင့် မိမိကိုယ်ကိုယ် သတ်သေခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းနှင့် စိုးရိမ်ပူပန်မှုများခြင်းစသည့် အန္တရာယ်များလည်း မြင့်တက်လာကြောင်းဖော်ပြထားပါသည်။ဥပဒေတွင် ချိုးဖောက်မှုတစ်ကြိမ်လျှင် ဒေါ်လာ ၅,၀၀၀ အထိ ဒဏ်ကြေးချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး

အွန်လိုင်းဝက်ဘ်ဆိုက်များနှင့် အွန်လိုင်းကိရိယာများအနေဖြင့် အသက် ၁၈နှစ်အောက် အသုံးပြုသူများအား ဒေတာများကို စုဆောင်းခြင်း သို့မဟုတ် ရောင်းချခြင်းကို တားမြစ်ထားပါသည်။

အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ စတင်အကျိုးသက်ရောက်ခဲ့သည့် New York Child Data Protection Act အပေါ် ထပ်မံဖြည့်စွက်ထားသောဥပဒေ ဖြစ်ပါသည်။

(SAFE) for Kids Act ကြောင့် နယူးယောက်ပြည်နယ်သည် California နှင့် Minnesota ပြည်နယ်များနှင့်အတူ လူမှုမီဒီယာပလက်ဖောင်းများအား စွဲလမ်းစေသောလုပ်ဆောင်ချက်များ ရှိကြောင်း အသုံးပြုသူများကို သတိပေးရမည့်ပြည်နယ်များတွင် ပါဝင်လာခဲ့သည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/12/new-york-governor-signs-bill-requiring-warning-labels-on-addictive-social-media-platforms/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁ )　　၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်

## “ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာဥပဒေ” ကို ချိုးဖောက်ခဲ့၍ဒဏ်ကြေးငွေပေးဆောင်ရန် သဘောတူခဲ့ရသည့် Disney ကုမ္ပဏီ

Disney ကုမ္ပဏီသည် ၁၉၂၃ ခုနှစ်တွင် Waltနှင့် Roy Disney ဆိုသည့် ညီအစ်ကိုနှစ်ဦး တည်ထောင်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး မီဒီယာနှင့် ဖျော်ဖြေရေးကုမ္ပဏီကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီသည် ကမ္ဘာကျော်ရုပ်ရှင်နှင့် ဇာတ်လမ်းများ ဖန်တီးခြင်း၊ ကမ္ဘာတစ်ဝှမ်းတွင် Disneyland အမည်ဖြင့် အပန်းဖြေဥယျာဉ်များ ဖွင့်လှစ်ထားခြင်း၊ Pixar(ကာတွန်းရုပ်ရှင်)၊ Marvel (စူပါဟီးရိုး ဇာတ်ကားများ)၊ ESPN(အားကစားရုပ်သံ)ကဲ့သို့သော လုပ်ငန်းစုကြီးများကို ပိုင်ဆိုင်ထားခြင်းတို့ ကြောင့် လူသိများထင်ရှားသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

အမေရိကန်တရားရေးဌာနက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့က Disney ကုမ္ပဏီနှင့် စပ်လျဉ်း၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် ဖက်ဒရယ်တရားရုံး သည် Disney Worldwide Services Inc.နှင့် Disney Entertainment Operations LLC (စုပေါင်း၍ Disney)အပေါ် စွဲဆိုထားသည့်အမှုအား ဖြေရှင်းသည့်အမိန့်တစ်ရပ် ချမှတ်ခဲ့ကြောင်း၊အဆိုပါအမှုကို ဖက်ဒရယ်ကုန်သွယ်မှုကော်မရှင် (Federal Trade Commission)က စုံစမ်းစစ်ဆေးခဲ့ပြီးဖြေရှင်း ဆောင်ရွက်နိုင်ရေး Disneyကုမ္ပဏီနှင့်ညှိနှိုင်းကာ တရားရေးဌာနသို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်တရားရုံး၏အမိန့်သည် Disneyကုမ္ပဏီအနေဖြင့် ၎င်း၏လူကြိုက်များသော YouTube ဗီဒီယိုများနှင့်စပ်လျဉ်း၍ ကလေးသူငယ်များ၏ အွန်လိုင်းကိုယ်ရေးကိုယ်တာ အကာအကွယ်ပေးရေး ဥပဒေ(COPPA)နှင့် ၎င်းကို အကောင်အထည်ဖော်သည့် စည်းမျဉ်းဥပဒေများကို ချိုးဖောက်ခဲ့သည် ဟူသောစွပ်စွဲချက်ဖြင့် ဒဏ်ငွေ ဒေါ်လာ ၁၀ သန်း ပေးဆောင်ရန်ဖြစ်ကြောင်းတို့ပါဝင်ပါသည်။

အဆိုပါအမှုနှင့်စပ်လျဉ်း၍ အမေရိကန်ခရိုင်တရားရုံး (U.S.District Court)သို့ တင်သွင်းသည့် တိုင်တန်းချက်တွင် Disney ကုမ္ပဏီသည် ၎င်းတို့၏ YouTubeဗီဒီယိုများကို ကလေးများအတွက် ရည်ရွယ်သည့်ဗီဒီယိုများအဖြစ် သတ်မှတ်ရန်ပျက်ကွက်ခဲ့ကြောင်း၊ Disney၏ YouTube ဗီဒီယိုများ သည် အလွန်ပင်ရေပန်းစားပြီး အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင်ပင် ကြည့်ရှုသူအကြိမ်ရေ ဘီလီယံနှင့်ချီ၍ရှိကြောင်း၊ ထိုသို့ ကလေးသူငယ်များအတွက် ရည်ရွယ်ကြောင်း သတ်မှတ်ရန် ပျက်ကွက်ခြင်းကြောင့် Disneyနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသည် ကလေးငယ်များကို ပစ်မှတ်

ထားကာ ကြော်ငြာများပြသခဲ့ပြီး မိဘများ၏သဘောတူညီချက်မပါဘဲ ကလေးများ၏အချက်အလက်များကို တရားမဝင်စုဆောင်းခဲ့ခြင်းတို့ဖြင့် တိုင်ကြားထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖက်ဒရယ်တရားရုံးအနေဖြင့် Disney ကုမ္ပဏီက ဒဏ်ကြေးငွေ ဒေါ်လာ ၁၀ သန်း ပေးဆောင်စေရန်အမိန့်အပြင် ကလေးသူငယ်များ၏ အွန်လိုင်းကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေးဥပဒေ (COPPA) ဥပဒေကို ချိုးဖောက်သည့် ပုံစံမျိုးဖြင့် YouTube ပေါ်တွင် ဆက်လက်လုပ်ဆောင်ခြင်းကို တားမြစ်သည့်အမိန့်ကိုပါ ချမှတ်ခဲ့ပြီး နောင်တွင် YouTube ပေါ်၌ COPPA ဥပဒေကို စနစ်တကျ လိုက်နာမှုရှိစေရန်အတွက် အစီအစဉ်တစ်ခု ရေးဆွဲဆောင်ရွက်ရန် Disney အား ညွှန်ကြားခဲ့ကြောင်း သိရှိရပါသည်။

ကလေးသူငယ်များ၏ အွန်လိုင်းကိုယ်ရေးကိုယ်တာ အကာအကွယ်ပေးရေးဥပဒေ(COPPA) သည် အသက် ၁၃ နှစ်အောက် ကလေးငယ်များ၏ မိဘများကိုအသိပေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းမရှိဘဲ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စုဆောင်းခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းတို့ကိုဝက်ဘ်ဆိုက်လုပ်ငန်းရှင်များအား တားမြစ်ထားသည့် ဥပဒေတစ်ခု ဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:

https://www.google.com/search?q=about+disney+company&rlz=1C1BFEM_enMM1148MM1149&oq=About+Disney+Company&gs_lcrp=EgZjaHJvbWUqBwgAEAAYgAQyBwgAEAAYgAQyCAgBEAAYFhgeMggIAhAAGBYYHjIICAMQABgWGB4yDQgEEAAYhgMYgAQYigUyDQgFEAAYhgMYgAQYigUyCggGEAAYgAQYogQyCggHEAAYgAQYogTSAQg0ODk0ajBqN6gCALACAA&sourceid=chrome&ie=UTF-8

https://www.justice.gov/opa/pr/disney-agrees-10m-civil-penalty-and-injunction-alleged-violations-childrens-privacy-laws

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

